http://www.dhammadownload.com

ရဝေနွယ် (အင်းမ)

ကျန်ရှိနေတဲ့ သက်တမ်းကို
ဘယ်လိုနေမလဲ

ဓမ္မဒါနကုသိုလ်ရှင်

ရဝေနွယ် (အင်းမ)

# ကျန်ရှိနေတဲ့ သက်တမ်းကို ဘယ်လိုနေမလဲ

http://www.dhammadownload.com

# ရဝေနွယ်(အင်းမ)

## ကျန်ရှိနေတဲ့သက်တမ်းကို ဘယ်လိုနေမလဲ

သို့ ............................................................................

............................................................................

မှ ............................................................................

............................................................................၏

အမှတ်တရ ဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

**အလှူအားလုံးတို့တွင်**

**တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

http://www.dhammadownload.com

http://www.dhammadownload.com



# ရဝေနွယ်[အင်းမ]

## ကျန်ရှိနေတဲ့သက်တမ်းကို ဘယ်လိုနေမလဲ

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၆၀၀ ၅၇၇ ၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀ ၆၁၃ ၁၁၁၀

မျက်နှာဖုံးဒီဇိုင်း-ဗဂျီလင်းဝဏ္ဏ
မျက်နှာဖုံးနှင့်အတွင်းဖလင်
NEW DAY Graphic Design Scanning, Color Separation
အမှတ် (၁၄၈)၊ လမ်း (၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၁၄၇၇၊ ၂၉၈၆၄၂

ပထမအကြိမ်၊ ၂၀၁၀ပြည့်နှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ-၂၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်စန်းလင်း (ယာယီ-၈၆၉) EVER GREEN Offset
အမှတ်(၁၉၉)၊လမ်း(၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ-ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်(၁၁၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ရဝေနွယ်(အင်းမ) ၂၉၄. ၃
ကျန်ရှိနေတဲ့သက်တမ်းကိုဘယ်လိုနေမလဲ / ရဝေနွယ်
(အင်းမ)။ ရန်ကုန်။ ယုံကြည်ချက်စာပေ၊ ၂၀၁၀။
၃၅ - စာ၊ ၉. ၅ × ၁၃ စင်တီ။
(၁) ကျန်ရှိနေတဲ့သက်တမ်းကိုဘယ်လိုနေမလဲ

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော လက်ကမ်းစာအုပ်ငယ်များကို
မွေးဒါနပြုလုပ်လိုပါက New Day ဖုန်း - နံပါတ် ၇၃၀၂၆၆၇၄၊
၇၃၁၀၃၆၃၄ သို့ ဆက်သွယ် မှာယူနိုင်ပါသည်။

http://www.dhammadownload.com

# ကျန်ရှိနေတဲ့သက်တမ်းကို ဘယ်လိုနေမလဲ

တစ်ခါတုန်းက ဂျပန်ဘုန်းကြီးတစ်ပါးဟာ နန်းတော်ထဲကို ဝင်လာခဲ့ပါတယ်။ သူဝင်လာချိန်မှာ အစောင့်တွေက မတားဆီးလိုက်နိုင်ပါဘူး။ ဒီတော့ ဘုရင်ကြီးဆီကို တန်းရောက်သွားပါတယ်။ ဘုရင်ကြီးကလည်း ဂျပန်ဘုန်းကြီးကို တွေ့လိုက်ရတော့ ချက်ချင်းပဲ မေးလိုက်ပါတယ်။

"အရှင်ဘုရား . . . ဘာများ အလိုရှိပါသလဲ ဘုရား"

http://www.dhammadownload.com



"ငါအိပ်ဖို့ အခန်းကောင်းကောင်း တစ်ခု အလိုရှိတယ်"

"အို . . .အရှင်ဘုရား နေရာမှားလာပြီ။ ဒါ တည်းခိုခန်း မဟုတ်ဘူး။ နန်းတော်ဘုရား"

"နေပါဦး၊ မေးပါဦးမယ်။ မင်းပြောတဲ့ ဒီ နန်းတော်မှာ မင်းအရင် ဘယ်သူနေသွားသလဲ"

"တပည့်တော်အရင် တပည့်တော်အဖေ နေ သွားပါတယ်ဘုရား။ အခု တပည့်တော်အဖေ မရှိတော့ ပါဘူး"

"မင်းအဖေအရင်ကော ဘယ်သူနေသွားသလဲ"

"တပည့်တော်အဘိုး နေသွားပါတယ်။ အခု တော့ မရှိတော့ပါဘူးဘုရား"

"မင်းအဘိုး အရင်ကော"

"တပည့်တော်အဘေး နေသွားပါတယ် ဘုရား"

"ဒါများကွာ...နန်းတော်တဲ့၊ မင်းအဖေလည်း နေပြီး ထွက်သွားရပြီ၊ မင်းအဘိုးလည်း နေပြီး ထွက်

http://www.dhammadownload.com



သွားရပြီ၊ မင်းအဘေးလည်း နေပြီးထွက်သွားရပြီ၊ မင်းလည်း နေပြီး ထွက်သွားရဦးမယ်၊ ဒါတည်းခိုခန်း မဟုတ်လို့ ဘာလဲကွာ"

ဂျပန်ဘုန်းကြီးရဲ့ စကားကြားလိုက်ရတော့ ဘုရင်ကြီးလည်း တစ်ခါမှ မစဉ်းစားဘူးတဲ့"သြော် ... ငါဟာ တည်းခိုးခန်းမှာ နေနေပါလား"ဆိုတဲ့ အသိဉာဏ်သစ်တစ်ခု လင်းခနဲ ဝင်သွားပါတော့သတဲ့။

(ဂျပန်ဇင်ပုံဝတ္ထု)

ဘုရင်ကြီးက ဂျပန်ဘုန်းကြီးကို အခန်းပေး မပေးတော့ စာထဲမှာ ဆက်ပြမထားပါဘူး။

ပုံပြင်လေးကတော့ ဒါပါပဲ။

တကယ်တော့ ဂျပန်ဘုန်းကြီး ပြောသလို အားလုံး အားလုံးဟာ တည်းခိုခန်းမှာ ခေတ္တခဏ ဝင်တည်းနေကြရတာပါ။ အချိန်တန်ရင် သတ်မှတ်ရက်စေ့ရင် အိမ်ပြန် ကြရမှာပါ။

ဒီတော့ တည်းခိုခန်းမှာ ဘယ်လောက်အထိ နေခွင့်ရဦးမလဲ . . . ?

http://www.dhammadownload.com



လူ့ဘဝသက်တမ်းကို ယေဘုယျ ၇၅ နှစ်ပဲ ထားလိုက်ပါတော့။ အသက် ၄၀ ရှိတဲ့သူတစ်ယောက်ဟာ တည်းခိုခန်းမှာ ၃၅ နှစ်ပဲ နေခွင့်ရတော့မှာပါ။ အသက် ၅၀ ရှိတဲ့သူတစ်ယောက်ဟာ တည်းခိုခန်းမှာ ၂၅ နှစ်ပဲ နေခွင့်ရတော့မှာပါ။ အသက် ၆၀ ရှိတဲ့သူတစ်ယောက်ဟာ တည်းခိုခန်းမှာ ၁၅ နှစ်ပဲ နေခွင့်ရတော့မှာပါ။

လက်ကျန်အချိန်က နည်းနေပါပြီ။ ကျန်နေတဲ့အချိန်က ကိုယ့်အတွက် သိပ်တန်ဖိုးရှိနေပါတယ်။

ဒီအချိန်ဟာ သူတစ်ပါး ကောင်းတာမကောင်းတာကို ဝေဖန်နေရမယ့်အချိန် အရွယ်မဟုတ်တော့ပါဘူး။ ကိုယ်ကောင်းအောင်ပဲ နေရမယ့်အချိန်အရွယ် ဖြစ်နေပါပြီ။

ဆိုလိုတာက သူတစ်ပါး ကောင်းတာမကောင်းတာထက် ကိုယ်ကောင်းအောင် နေဖို့က အဓိကပါ။

ဒီတော့ ကျန်ရှိနေတဲ့ သက်တမ်းကို ဘယ်လို

http://www.dhammadownload.com



နေမလဲ ... ?

ဒီမေးခွန်းကို နေ့တိုင်း ကိုယ့်ကိုယ်ကို မေးရမှာပါ။

ဒါဆို လူတစ်ယောက်ရဲ့တန်ဖိုးကို ဘာနဲ့ ဆုံးဖြတ်မလဲ။ ရာထူးဌာနန္တရ, ငွေကြေးဥစ္စာ, ပညာ, အောင်မြင်ကျော်ကြားမှု, အခြံအရံတွေနဲ့ တိုင်းတာမလား။

ဒါတွေနဲ့ တိုင်းတာလို့ မရပါဘူး။ လူတစ်ယောက်ရဲ့တန်ဖိုးကို သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးနဲ့ပဲ တိုင်းတာရမှာပါ။ လူတစ်ယောက်ဟာ သိက္ခာသုံးပါးနဲ့ ပြည့်စုံနေရင် တန်ဖိုးရှိနေတာပါပဲ။

ရာထူးဌာနန္တရ, ငွေကြေးဥစ္စာ, ပညာ, အောင်မြင်ကျော်ကြားမှု, အခြံအရံတွေတော့ ရှိပါရဲ့။ ဒါပေမဲ့ သိက္ခာသုံးပါး မရှိဘူးဆိုရင် တန်ဖိုးရှိတယ်လို့ မဆိုနိုင်ပါဘူး။ ရာထူးဌာနန္တရ စသည်တွေလည်းရှိမယ်၊ သိက္ခာသုံးပါးလည်း ရှိမယ်ဆိုရင်တော့ အတိုင်း

http://www.dhammadownload.com



ထက် အလွန်ပါပဲ။

ဒါကိုထောက်ပြီး ကိုယ့်မှာ ရာထူးဌာနန္တရ၊ ငွေကြေး ဥစ္စာ၊ ပညာ၊ အောင်မြင်ကျော်ကြားမှု၊ အခြံအရံတွေ မရှိပေမယ့် ဘာမှ အားငယ်စရာ မလိုပါဘူး။ ကိုယ့် ရင်ထဲမှာ သိက္ခာသုံးပါး တည်နေရင် ကိုယ်ဟာ တန်ဖိုး ရှိနေတာပါ။

ဒါကြောင့် ကိုယ့်ကိုယ်ကို သိက္ခာသုံးပါး တည်အောင် လုပ်လိုက်ရုံပါပဲ။

မနက်အိပ်ရာထ ကိုယ်လက်သန့်စင်ပြီးတာနဲ့ ဘုရားခန်းထဲ သွားလိုက်ပါ။ ပြီးတော့ ငါးပါးသီလ ယူလိုက်ပါ။ ဒါဆို သီလသိက္ခာ တည်သွားပါပြီ။ နောက်ဂုဏ်တော်ကို ငါးမိနစ်၊ မေတ္တာကို ငါးမိနစ် ပွားလိုက်ပါ။ ဒါဆို သမာဓိသိက္ခာ တည်သွားပါပြီ။ နောက်ဆက်ပြီး ဝိပဿနာကို ငါးမိနစ် ပွားလိုက်ပါ။ ဒါဆိုရင် ပညာသိက္ခာ တည်သွားပါပြီ။

သိက္ခာသုံးပါး ကိုယ့်ရင်ထဲကို ရောက်သွားတာနဲ့ ကိုယ်ဟာ တန်ဖိုးရှိတဲ့သူ ဖြစ်သွားပါပြီ။

http://www.dhammadownload.com



ခက်လား၊ မခက်ပါဘူး။ ဆယ့်ငါးမိနစ်လောက်ပဲ အချိန် ပေးရပါတယ်။

ပြီးတော့ "ငါ့ရင်ထဲမှာ သိက္ခာသုံးပါး တည်နေရင် ငါဟာ တန်ဖိုးရှိနေတာပဲ"လို့ အသံထွက်ပြီး သုံးကြိမ်လောက် ရွတ်လိုက်ပါ။

နေ့ခင်းကျရင် တစ်ကြိမ် ရွတ်လိုက်ပါ။ ညပိုင်းရောက်ရင် တစ်ကြိမ် ရွတ်လိုက်ပါ။ အသံနဲ့ပါ ပူးတွဲပြီး ကိုယ့်ကိုယ်ကို အားပေးလိုက်တာပါ။

ကိုယ့်ရင်ထဲကို သိက္ခာသုံးပါး ရောက်လာတာနဲ့ ကိုယ့်ရဲ့စိတ်ပါဝါ စွမ်းအားတွေလည်း အလိုလို ရောက်လာတာပါ။ တရားသံနဲ့ပြောရင် ကိုယ့်ကိုယ်ကို ကြည်ညို လာတာပါ။

ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို ကြည်ညို သွားပြီဆိုရင် နေရထိုင်ရတာ ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားတော့တာပါ။ သူတစ်ပါး ကြည်ညိုတာ မကြည်ညိုတာထက် ကိုယ့်ကိုယ်ကို ကြည်ညိုဖို့က အဓိကပါ။

အသံထွက်ပြီး ကိုယ့်ကိုယ်ကို အားပေး

http://www.dhammadownload.com



တာကို လျှော့မတွက်ပါနဲ့။ အသံထဲမှာ စွမ်းအားတွေ ရှိနေပါတယ်။ ဒါကြောင့် တစ်နေ့ကို သုံးခါလောက် အသံထွက်ပြီး ရွတ်ဆိုပါ။ အသံကလည်း ကိုယ့်ရဲ့ စိတ်ဓာတ် တက်ကြွမှုကို ကူညီပါလိမ့်မယ်။

တစ်ခါတလေ အဆင်မပြေမှုတွေ ကြုံတဲ့ အခါပဲ ဖြစ်ဖြစ်၊ လောကဓံဆိုးတွေ တွေ့ကြုံတဲ့အခါပဲ ဖြစ်ဖြစ် အားငယ်စိတ် ဝင်လာရင် ကိုယ့်ရင်ထဲကို သိက္ခာသုံးပါးတည်အောင် လုပ်လိုက်ပါ။ တည်လိုက် တာနဲ့ ကိုယ်ဟာ တန်ဖိုးရှိတဲ့သူတစ်ယောက် ဖြစ်သွား ပါပြီ။ ဒါဆို ဘာမှ အားငယ်စရာမလိုတော့ပါ။

တစ်စုံတစ်ယောက်က ကိုယ့်ကို မချစ်ဘူး၊ ဘာဖြစ်လဲ၊ ကိုယ့်မှာ သိက္ခာသုံးပါး ရှိတယ်။ တစ်စုံ တစ်ယောက်က ကိုယ့်ကို မုန်းနေတယ်၊ ဘာဖြစ်လဲ၊ သူ့ဟာ သူကြိုက်သလောက်မုန်း၊ ကိုယ့်မှာ သိက္ခာ သုံးပါး ရှိတယ်။ ကိုယ့်မှာ အခြံအရံ အသိုင်းအဝိုင်း မရှိဘူး၊ ဘာဖြစ်လဲ၊ ကိုယ့်မှာ သိက္ခာသုံးပါးရှိတယ်။ ကိုယ်က မအောင်မြင်ဘူး၊ ဘာဖြစ်လဲ၊ ကိုယ့်မှာ

http://www.dhammadownload.com



သိက္ခာသုံးပါး ရှိတယ်။ ကိုယ့်မှာ ကားမရှိဘူး၊ ဘာဖြစ်လဲ၊ ကိုယ့်မှာ သိက္ခာသုံးပါး ရှိတယ်။ ကိုယ့်မှာ မကျန်းမာဘူး၊ ဘာဖြစ်လဲ၊ ကိုယ့်မှာ သိက္ခာသုံးပါး ရှိတယ်။ ကိုယ့်မှာ ငွေကြေး မချမ်းသာဘူး၊ ဘာဖြစ်လဲ၊ ကိုယ့်မှာ သိက္ခာသုံးပါးရှိတယ်။ လူတစ်ယောက်ရဲ့ တန်ဖိုးကို အခြံအရံ အသိုင်းအဝိုင်းတွေနဲ့ ဆုံးဖြတ်တာမှမဟုတ်တာ သိက္ခာသုံးပါးနဲ့ပဲ ဆုံးဖြတ်တာပဲ။

အလုပ်သွားတဲ့အခါ ကားပေါ်မှာပဲဖြစ်ဖြစ်၊ အလုပ်ထဲမှာပဲဖြစ်ဖြစ် ဂုဏ်တော်လေးကို ပွားနေမယ်၊ အလုပ်နားနေတဲ့ အချိန်လေးတွေမှာလည်း ဂုဏ်တော်လေးကို ပွားနေမယ်။ နောက်ဆုံး အိမ်သာတက်ရင်လည်း ဟိုဟိုဒီဒီတွေ တွေးမနေဘဲ ဂုဏ်တော်လေး ပွားတက်မယ်ဆိုရင်လည်း ပိုက်ဆံမကုန်ဘဲ သမာဓိသိက္ခာတွေ ဖြစ်နေတာပါ။ တစ်ယောက်တည်း လုပ်ရတဲ့ အလုပ်တွေမှာလည်း တတ်နိုင်သမျှ သတိလေး ကပ်ပြီး လုပ်နေမယ်ဆိုရင်လည်း ပညာသိက္ခာတွေ တည်နေတာပါ။

http://www.dhammadownload.com



"ငါ့ရင်ထဲမှာ သိက္ခာသုံးပါး တည်နေရင် ငါဟာ တန်ဖိုး ရှိနေတာပါပဲ"ဆိုတဲ့ အတွေးလေးကိုတော့ ရင်ထဲကို သေချာထည့်ထားရမှာပါ။ တတ်နိုင်ရင် ကိုယ့်အိပ်ခန်းထဲမှာပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့အလုပ်စားပွဲပေါ်မှာပဲ ဖြစ်ဖြစ်၊ ကိုယ် အမြဲမြင်နေရတဲ့ နေရာမှာပဲ ဖြစ်ဖြစ် "ငါ့ရင်ထဲမှာ သိက္ခာသုံးပါး တည်နေရင် ငါဟာ တန်ဖိုး ရှိနေတာပါပဲ"ဆိုတဲ့ စာတမ်းလေးကို ကပ်ထားရမှာပါ။ ဒါဆို စာတမ်းကို မြင်တိုင်း မြင်တိုင်း ကိုယ့်ကိုယ်ကို ဘယ်လို ဖြတ်သန်းရမယ်ဆိုတာ သတိပေးပြီးသား ဖြစ်နေတော့တာပါ။

ကျန်ရှိနေတဲ့ သက်တမ်းလေးကို သိက္ခာသုံးပါးနဲ့ နေသွားရုံပါပဲ။

ဒီနေရာမှာ တွေးစရာ သံဝေဂဖြစ်ဖွယ် ဥဒယဘဒ္ဒ ဇာတ်ကလေးကို အကျဉ်းချုပ် ပြောပြပါဦးမယ်။

တစ်ခုသော ညတစ်ညမှာ ဥဒယဘဒ္ဒ မင်းသမီးဟာ ပြာသာဒ်ထက်တိုက်ခန်းမှာ နေနေ

http://www.dhammadownload.com



ပါတယ်။

ဒီအချိန်မှာပဲ လုလင်ပျိုတစ်ယောက်ဟာ ရွှေခွက်နဲ့ ရွှေအပြည့်ထည့်ပြီး ရောက်လာပါတယ်။ နောက် လုလင်က မင်းသမီးကို လူပျိုစကား စပြော ပါတယ်။

"မင်းသမီး . . တစ်ညလောက် သင့်တိုက်ခန်းမှာ အတူတကွ နေပါရစေ"

မင်းသမီးလည်း အတော်ထိတ်လန့် သွားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အောက်မှာ အစောင့်တွေ အများကြီး ချထားလို့ပါ။ ဒါကြောင့် မင်းသမီးက "ဘယ်လိုလုပ် တက်လာတာလဲ" ပြန်မေးပါတယ်။

လုလင်ကလည်း "ငါဟာ နတ်သားတစ်ယောက် ဖြစ်တယ်။ ငါ့အတွက် မခက်ပါဘူး။ သင်က ငါ့ကို ချစ်တယ်ဆိုရင် ပါလာတဲ့ ရွှေခွက်နဲ့ ရွှေအပြည့် ပေးပါ့မယ်"လို့ ပြန်ပြောပါတယ်။

ဒီတော့မင်းသမီးက "သင့်ဟာသင် နတ်သားမကလို့ ဘာပဲဖြစ်နေဖြစ်နေ ကွယ်လွန်သွားတဲ့ ကျွန်မ

http://www.dhammadownload.com



ခင်ပွန်းဟောင်း မင်းသားမှတစ်ပါး ဘယ်သူ့ကိုမှ မမြတ်နိုးဘူး။ သင် ပြန်ပါတော့”လို့ နှင်လွှတ်လိုက်ပါတယ်။

ဒုတိယညကျတော့ လုလင်ပျိုနတ်သားက ငွေခွက်နဲ့ ရွှေအပြည့်ထည့်ပြီး ရောက်လာပြန်ပါတယ်။ ဒါပေမဲ့ မင်းသမီးက ချက်ချင်းပဲ ပြန်လွှတ်ပါတယ်။

တတိယညကျတော့လည်း လုလင်ပျိုနတ်သားက ကြေးခွက်နဲ့ ရွှေအပြည့်ထည့်ပြီး ချစ်ရေးဆိုလာ ပြန်ပါတယ်။

ဒီမှာတင် မင်းသမီးက စဉ်းစားပါပြီ၊ ပထမရက်မှာ ရွှေခွက်နဲ့၊ ဒုတိယရက်မှာ ငွေခွက်နဲ့၊ တတိယရက်မှာ ကြေးခွက်နဲ့ဆိုတော့ သူ့အတွက် အထူးအဆန်း ဖြစ်နေပါတယ်။ ဒါကြောင့် မင်းသမီးက လုလင်ကို မေးကြည့်ပါတယ်။

“အသင် ယောကျ်ား . . ယောကျ်ားတွေဟာ မိန်းမကို ချစ်ရေးဆိုရင် ဥစ္စာပစ္စည်းကို တိုးတိုးပဲ ပေးရတယ်။ သင်က ဘာဖြစ်လို့ တစ်နေ့ထက်တစ်နေ့ လျှော့

http://www.dhammadownload.com



လျှော့ ပေးရတာလဲ"လို့ မေးပါတယ်။

ဒီတော့ လုလင်ပျိုကလည်း ပြန်ဖြေပါတယ်။ "မင်းသမီးရယ်၊ သင့်ရဲ့အသက်နဲ့ ရုပ်ရည်အဆင်းက တစ်နေ့ထက်တစ်နေ့ တိုးတိုး ပျိုပျိုလာတယ် ဆိုရင်တော့ ဥစ္စာပစ္စည်းကို တိုးတိုးပေးမှာပေါ့။ သင်မင်းသမီးရဲ့ အသက်နဲ့ ရုပ်ရည်အဆင်းက တစ်နေ့ထက်တစ်နေ့ လျော့လျော့ အိုအိုလာတာပဲ။ ဒါကြောင့် ငါက ပစ္စည်းကို လျှော့လျှော့ပေးတာပါ။ မင်းသမီးရယ် တစ်ရက်တစ်ည ကုန်လွန်တာကို ထားလိုက်ပါဦး။ အခုသင့်ကို ငါကြည့်နေစဲမှာပဲ သင့်ရဲ့ ရုပ်ရည်အဆင်းတွေက တစ်ဖြုတ်ဖြုတ်နဲ့ အိုအိုလာနေပြီလေ။ တဖြည်းဖြည်း တစ်နေ့ထက်တစ်နေ့ ပျိုပျိုလာတာမှ မဟုတ်တာ"လို့ ရှင်းပြ လိုက်ပါတယ်။

နောက် လုလင်နတ်သားက မင်းသမီးကို နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေကို ဆက်ပြီး ဟောပြပေးပါတယ်။

တကယ်တော့ လုလင်ပျိုက အတိတ်လူ့ဘဝ

http://www.dhammadownload.com



က မင်းသမီးရဲ့ ခင်ပွန်းဟောင်းပါ။ လူ့ပြည်မှာ ကျန်ခဲ့တဲ့ ဇနီးဟောင်းကိုလာပြီး သတိပေး တရားဟောတာပါ။

လူတစ်ယောက်ဟာ တစ်ရက်ကုန်သွားတာနဲ့ သေဖို့တစ်ရက် နီးနီးသွားတာပါ။ သေဖို့တစ်ရက်၊ နီးသွားတာနဲ့ ကုသိုလ်ပြုဖို့ အခွင့်အရေးတွေ တစ်ရက်လျော့သွားတာပါ။ ပြီးတော့ တစ်ရက်ကုန်သွားတာနဲ့ အို အိုသွားတာပါ၊ တိုးတိုးပြီး ပျိုပျိုမလာပါဘူး။

ဒီတရားသဘောကို အခြေခံပြီး ဆရာတော်ဘုရားတွေက "တစ်ရက်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်ရက် နီးလာပြီ" လို့ သတိပေးထားပါတယ်။

မနက်အိပ်ရာက နိုးတာနဲ့ မထသေးဘဲ "တစ်ရက်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်ရက် နီးလာပြီ"လို့ နှစ်ခေါက်လောက် ဆင်ခြင်လိုက်ရင် ကိုယ့်ကိုယ်ကိုလည်း သတိပေးပြီးသား ဖြစ်သွားပါတယ်။ ဒါဆိုရင် တစ်နေ့တာ ဖြတ်သန်းတဲ့အခါ အကုသိုလ်ပြုချင်စိတ်ရှိတော့မှာမဟုတ်သလို ကုသိုလ်ပြုဖို့ကိုလည်း သေချာ

http://www.dhammadownload.com



အားထုတ်တော့မှာပါ။

တစ်ရက်ကုန်သွားတာနဲ့ သေဖို့ တစ်ရက် နီးလာပြီ ဆိုတာလေးကို သံဝေဂဖြစ်အောင် သေချာ ဆင်ခြင် ရမှာပါ။

ငယ်ရွယ်နုပျိုတဲ့ သူတွေအတွက်တော့ ကုသိုလ်ပါရမီဖြည့်ဖို့ အခွင့်အရေးရက်တွေက ပိုပြီး ရှိနေပါသေးတယ်။

ဘယ်အသက်အရွယ်ပဲ ရောက်နေရောက်နေ "ကျန်ရှိနေတဲ့ သက်တမ်းကို ဘယ်လိုနေမလဲ"ဆိုတဲ့ မေးခွန်းကို သေချာမေးပြီး ကျန်ရှိနေတဲ့ သက်တမ်း အတွက် "ဘဝပလ္လင်" ကို သေချာ ချရမှာပါ။ ကိုယ်ချ ထားတဲ့ "ဘဝပလ္လင်" အတိုင်း နေသွားဖို့ပါ။

ဘာပဲဖြစ်နေဖြစ်နေ၊ ဘာမှ အားငယ်စရာ မလိုပါဘူး။ ကိုယ့်ရင်ထဲမှာ သိက္ခာသုံးပါး တည်နေရင် ကိုယ်ဟာ တန်ဖိုးရှိနေတာပါပဲ။

**စိတ်ညစ်ရင်ရေချိုး**

http://www.dhammadownload.com

# မင်္ဂလာအကျွေးများ [၁၁]

မာတာပိတု ဥပဋ္ဌာန်၊ စတံမင်္ဂလမုတ္တမံ။
မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။

တစ်ခါတုန်းကပေါ့၊ တစ်ခါတုန်းက ဆိုပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကပါ။ တက္ကသိုလ် ဆရာတစ်ယောက်က အသက်နှစ်ဆယ်

http://www.dhammadownload.com



ဝန်းကျင် တက္ကသိုလ်ကျောင်းသားလေး တစ်ယောက်ကို လက်ဖက်ရည်ဆိုင်မှာ အောက်ပါသမိုင်းရာဇဝင်လေးတစ်ခုကို ပြောပြပါတယ်။

"မင်းတုန်းမင်းကြီးလက်ထက်က ပညာရှိအမတ်ကြီး ဦးချိမ့်ဆိုတာ ရှိတယ်။ ဦးချိမ့်ဟာ သူ့အမေရဲ့ ထဘီကို ကိုယ်တိုင်လျှော်ပေးတယ်။ အိမ်ဖော်လို့ခေါ်တဲ့ အခိုင်းအစေတွေရှိပေမယ့် ဘယ်တော့မှ မလျှော်ခိုင်းဘူးတဲ့။ သူ့ရဲ့လျှော်ပုံကတော့ သူ့အမေရဲ့ ထဘီကို အင်တုံထဲမှာ တစ်ညဥ့် စိမ်ထားလိုက်တယ်။ မနက်ကျတော့မှ အင်တုံထဲထည့်ထားတဲ့ ထဘီကို နှိပ်ညှစ်ပြီး အင်တုံထဲမှာ ရှိနေတဲ့ ထဘီချေးရေတွေကို သွန်မပစ်ဘဲ သိမ်းထားလိုက်တယ်။ ထဘီကိုတော့ ဆက်လျှော်ပေ့ါ။

တအောင့်လောက်ကြာတော့ ထဘီစိမ်ထားတဲ့ အင်တုံထဲက အပေါ်ယံရေကြည်တွေကို သွန်ပစ်လိုက်တယ်၊ ဒီတော့ အင်တုံထဲမှာက ထဘီချေး အနှစ်ကလေးတွေ ကျန်နေခဲ့တယ်။ အဲဒီချေး အနှစ်ကလေး

http://www.dhammadownload.com



တွေကိုနေလှမ်း၊ ခြောက်တဲ့အခါကျတော့ ကျောက်ပြင်မှာ မှုန့်အောင်ကျိတ်တယ်။ အမှုန့်ကလေးတွေလည်းရလာရော သူတို့ခေတ်ကရှိတဲ့ နံ့သာဆီတို့ ပန်းပေါင်းဆီတို့ သနပ်ခါးတို့နဲ့ ရောကျိတ်ပြီး နားပန်တယ်။ ပညာရှိအမတ်ကြီး ဦးချိမ့်ဟာ နန်းတော်ဘုရင့်ဆီ အခစားဝင်တဲ့အခါတိုင်း စောစောကပြောခဲ့တဲ့ အမေ့ထဘီချေးမှုန့်လေးတွေကို ပန်ပန် ဝင်လေ့ရှိတယ်တဲ့။ သူတို့ခေတ်ကတော့ နားပန်တာပေါ့လေ။

ပညာရှိအမတ်ကြီးဦးချိမ့်ဟာ အမေ့ထဘီချေးကို အမြဲပန်ခဲ့တာနဲ့ပဲ ဘဝမှာ အစစအရာရာ အဆင်ပြေခဲ့တယ်တဲ့။ ဘုရင်ကလည်း ဘွဲ့တွေ အများကြီး ချီးမြှင့်ခဲ့တယ်။ ပြီးတော့ အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ အီတလီစတဲ့ နိုင်ငံတွေကိုလည်း သံတမန်အနေနဲ့ သွားရောက်ခဲ့ရတယ်။ အဲဒီနိုင်ငံက နိုင်ငံခေါင်းဆောင်ကြီးတွေကလည်း သူ့ကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ ဆပ်ကပ် လိုက်တယ်တဲ့"

ဆရာလုပ်သူက တပည့်ကျောင်းသားကို

http://www.dhammadownload.com



ဦးချိမ့်အကြောင်းအပြင် တခြားရာဇဝင်တွေကိုလည်း လက်ဖက်ရည်သောက်ရင်းနဲ့ ဆက်ပြောပြနေပါသေးတယ်။

လက်ဖက်ရည်ဆိုင်ကပြန်တော့ တက္ကသိုလ်ကျောင်းသားလေးဟာ သူ့ဆရာပြောလိုက်တဲ့ ဦးချိမ့်အကြောင်းကို ခေါင်းထဲက မထွက်တော့ပါဘူး။ ဒါကြောင့် အိမ်ပြန်ရောက်ရောက်ချင်းပဲ အမေဖြစ်သူရဲ့ ထဘီကို ပုံးလေးတစ်ခုထဲမှာ စိမ်ထားလိုက်ပြီး ပညာရှိအမတ်ကြီးဦးချိမ့် ပြုမူခဲ့တဲ့အတိုင်း ပြုမူတော့တာပါပဲတဲ့။

ဒီဘက်ခေတ်မှာတော့ ထဘီချေးမှုန့်လေးတွေနဲ့ ရောလိမ်းစရာ အလှဆီပစ္စည်းတွေက ယောကျ်ားသုံး၊ မိန်းမသုံးဆိုပြီး အများကြီး ရှိနေပါပြီ။ ဒီတော့ တက္ကသိုလ်ကျောင်းသားလေးဟာ ကျောင်းသွားခါနီးတိုင်း အမေ့ထဘီ ချေးမှုန့်လေးတွေကို သနပ်ခါးနဲ့ မျက်နှာမှာ လိမ်းလိမ်းသွားလေ့ ရှိပါသတဲ့။

တစ်နေ့တော့ နိုင်ငံခြားပညာတော်သင်

http://www.dhammadownload.com



လွှတ်ဖို့ ကျောင်းသားသုံးယောက် ရွေးချယ်မယ့် သတင်း ထွက်လာ ပါတယ်။ သုံးယောက်ပဲ လွှတ်မှာ ဆိုပေမယ့် အရွေးပြိုင်မယ့် ကျောင်းသားတွေက အယောက်တစ်ရာလောက် ရှိနေပါတယ်။

တက္ကသိုလ်ကျောင်းသားလေးလည်း မနက် ရောက်တာနဲ့ အမေ့ထဘီချေးမှုန့်လေးတွေကို မျက်နှာ တင် မကတော့ဘဲ ခန္ဓာကိုယ်အထက်ပိုင်း တစ်ခုလုံးကို လိမ်းပြီး ရေးဖြေ နှုတ်ဖြေတွေနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ နောက်ဆုံးတော့ ပညာသင်လွှတ်ဖို့ ကျောင်းသားသုံး ယောက် ရွေးချယ်တဲ့အထဲမှာ တက္ကသိုလ်ကျောင်းသား လေး ပါသွားတော့တာပါပဲ။

နောက်ဆက်တွဲ ထပ်သိရတာကတော့ အဲဒီ တက္ကသိုလ်ကျောင်းသားလေးဟာ (အခုတော့ လေး ဆယ်ကျော် လူလတ်ပိုင်း တစ်ယောက်ပေါ့လေ) အမေ့ ထဘီကို ဒီနေ့အထိ လျှော်ပေးနေသလို အလုပ်အတွက် အရေးကြီးတဲ့ လူကြီးတွေနဲ့တွေ့ဆုံရတဲ့ အခါမျိုးတွေ မှာ အမေ့ထဘီချေးမှုန့်လေးတွေကို လိမ်းပြီးသွားလေ့

http://www.dhammadownload.com



ရှိပါတယ်တဲ့။

ရယ်စရာပြောတာတော့ မဟုတ်ပါဘူး၊ သူ ချစ်တဲ့ကောင်မလေးကို ရည်းစားစကား သွားပြော တုန်းကလည်း အမေ့ထဘီချေးမှုန့်လေးကို လိမ်းပြီး သွားပြောလိုက်တာ အဖြေကို တစ်ခါတည်း တန်းရ ခဲ့ပါသတဲ့။

**(ပညာယိုကြီးများအကြောင်း၊ မှော်ဗီဆရာသိန်းကြီး)**

ဒီသာကေ ဝတ္ထုလေးထုတ်ပြလိုက်တော့ စာဖတ်သူတချို့ဆီက မေးခွန်းတချို့ ထွက်လာနိုင်ပါ တယ်။ အဲဒီမေးခွန်းကတော့ သားသမီးတွေ အရွယ် မရောက်ခင်မှာဘဲ သားသမီးတွေကို ထားခဲ့ပြီး နောက် ယောကျ်ားယူသွားတဲ့ အမေမျိုး၊ အရွယ်မရောက်သေး တဲ့ ကလေးတွေကို ထားခဲ့ပြီး နောက်အိမ်ထောင်ပြု၊ သားသမီးတွေကို လုံးဝပြန်လှည့်မကြည့်တော့တဲ့ အဖေ မျိုး၊ မိဘတာဝန် လုံးဝမကျေပွန်တဲ့မိဘမျိုး၊ အဲဒီမိဘ မျိုးတွေရဲ့ ပုဆိုးထဘီတွေကိုကော လျှော်ပေးပြီး ချေးမှုန့်တွေကို မျက်နှာမှာ လိမ်းသင့်သလား....?

http://www.dhammadownload.com



ဒီမေးခွန်းကလေးက သိပ်ပြီး မေးသင့်တဲ့ မေးခွန်းလေးပါ။ အဲဒီ မေးခွန်းလေးကို နည်းနည်း ဆွေးနွေးကြည့်ရအောင်ပါ။

လောကမှာ တာဝန်တွေရှိပါတယ်။ တာဝန်ကျေတဲ့သူဟာ ကျက်သရေရှိပါတယ်။ တာဝန်မကျေတဲ့ သူဟာ ကျက်သရေမရှိပါဘူး။ ဒါ ဘုရားဟောပါ။

အဖေက အဖေတာဝန်ကျေရင် အဖေကျက်သရေ ရှိတယ်။ အမေက အမေတာဝန်ကျေရင် အမေကျက်သရေ ရှိတယ်။ သားက သားတာဝန်ကျေရင် သားကျက်သရေ ရှိတယ်။ သမီးက သမီးတာဝန်ကျေရင် သမီးကျက်သရေ ရှိတယ်။ဆရာက ဆရာတာဝန်ကျေရင် ဆရာကျက်သရေ ရှိတယ်။ တပည့်က တပည့်တာဝန် ကျေရင် တပည့်ကျက်သရေ ရှိတယ်။ ဆိုလိုတာကတော့ တာဝန်ကျေတဲ့သူဟာ ကျက်သရေရှိတယ်။ တာဝန် မကျေတဲ့သူဟာ ကျက်သရေမရှိဘူး။ ဒီတော့ မိဘတာဝန် မကျေတာကို ကြည့်ပြီး ကိုယ်ကလည်း တာဝန် မကျေသူ သားသမီး

http://www.dhammadownload.com



တစ်ယောက်အဖြစ်နဲ့ ဘဝကို တည်ဆောက်သွားမလား ...?

ပြီးတော့ မြတ်စွာဘုရား ဟောပြထားတဲ့ မိဘထက် အသိအလိမ္မာ ဉာဏ်ပညာ ကြီးကျယ် မြင့်မြတ်တဲ့ အတိဇာတသားသမီး၊ မိဘနဲ့ အသိအလိမ္မာ တန်းတူရှိတဲ့ အနုဇာတ သားသမီး၊ မိဘအောက် အသိအလိမ္မာ နိမ့်ကျတဲ့ အဝဇာတသားသမီး၊ အဲဒီ သားသမီးသုံးမျိုးထဲက ကိုယ်က ဘယ်လိုသားသမီးမျိုးအဖြစ်နဲ့ ဘဝကို တည်ဆောက်ချင်တာလဲ...?

ဒီမေးခွန်းကို ကိုယ့်ဟာကိုယ်ပဲ ပြန်ဖြေကြည့်ပါ။

တာဝန်ဆိုတဲ့ စကားလေးဟာ ဘဝကို အဓိပ္ပာယ်ရှိရှိ တည်ဆောက်လိုသူတွေရဲ့ နှလုံးသားထဲမှာ အစဉ်သဖြင့် သန္ဓေတည်သင့်နေတဲ့ စကားလေးပါ။

မာတာပိတု ဥပဋ္ဌာန မင်္ဂလာဆိုတာ တာဝန်ပါ။ ဝတ္တရား မဟုတ်ပါဘူး။ ဝတ္တရားကို ကြောင့်ကြမဲ့

http://www.dhammadownload.com



နေလို့ ရပေမယ့်၊ တာဝန်ကိုကျတော့ ကြောင့်ကြမဲ့နေလို့ မရပါဘူး။

စာရေးသူ ပြောပြချင်တာကတော့ မိဘတာဝန် မကျေခဲ့တာကို သူ့အပိုင်းနဲ့သူ ထားလိုက်ပါတော့။ တာဝန်ဆိုတဲ့ စကားလေးကိုပဲ နှလုံးသွင်းပြီး မျက်စိမှိတ် ထောက်ပံ့ကူညီပစ်လိုက်ပါ။

တာဝန်ကျေလိုက်တာနဲ့ ဘဝဆိုတာ ပို အဓိပ္ပာယ် ရှိသွားတာပါပဲ။ စာစကားနဲ့ ပြောရရင် မာတာပိတု ဥပဋ္ဌာန မင်္ဂလာ ဖြစ်ထွန်းသွားတာပါပဲ။ မင်္ဂလာ ဖြစ်ထွန်းနေတဲ့ လူတစ်ယောက်ကို မင်္ဂလာတရားက ပစ်မထားပါဘူး။ ယူချင်သည်ဖြစ်စေ မယူချင်သည်ဖြစ်စေ မင်္ဂလာတရားက တစ်စုံတစ်ရာကိုတော့ မုချ ပြန်ပေးမှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ မင်္ဂလာတစ်ပါးစီမှာ ကြောင်းကျိုးသတ္တိတွေ ကိုယ်စီ ရှိနေကြလို့ပါ။

ဒါတွေကတော့ မိဘနဲ့သဟဇာတ မဖြစ်တဲ့ သားသမီးတွေ အတွက်ပါ။

http://www.dhammadownload.com



မိဘနဲ့ သဟဇာတဖြစ်တဲ့ သားသမီးတွေအတွက်ကတော့ အထူးပြောနေစရာ မလိုပါဘူး။ စားသောက်ဖွယ်တွေ ပစ္စည်းဝတ္ထုတွေနဲ့ ထောက်ပံ့ နေမှာဖြစ်သလို ဝေယျာဝစ္စပြုစုမှုတွေနဲ့လည်း ကျေးဇူးဆပ်နေကြမှာပါ။ ဒါတွေကတော့ လောကီနည်းနဲ့ ကျေးဇူးဆပ်နည်းတွေပါပဲ။

လောကီနည်းနဲ့ကျေးဇူးဆပ်ပြီးရင် တစ်ဆင့်တက်ပြီး လောကုတ္တရာနည်းနဲ့ ကျေးဇူးဆပ်ဖို့လည်း လိုပါတယ်။

လောကုတ္တရာနည်းနဲ့ ကျေးဇူးဆပ်ပုံကတော့

၁။ သဒ္ဓါတရား မရှိသေးတဲ့မိဘတွေ သဒ္ဓါတရား ရှိလာအောင်။

၂။ သီလ မဆောက်တည်ဖြစ်တဲ့ မိဘတွေ သီလဆောက်တည်ဖြစ်အောင်။

၃။ ဒါနမပြုဖြစ်တဲ့မိဘတွေ ဒါနပြုဖြစ်လာအောင်။

၄။ တရား အားမထုတ်ဖြစ်သေးတဲ့ မိဘတွေ

http://www.dhammadownload.com



တရား အားထုတ်ဖြစ်လာအောင် ပရိယာယ် နဲ့ပဲ ဖြစ်ဖြစ်၊ တိုက်ရိုက်ပဲဖြစ်ဖြစ် ဖန်တီး စီစဉ်ပေးရပါမယ်။

မိဘကို လောကီနည်း လောကုတ္တရာနည်း နှစ်မျိုးနဲ့ ကျေးဇူးဆပ်နေတဲ့သားသမီးကို မင်္ဂလာတရား က သူ့ရဲ့ကြောင်းကျိုး သတ္တိအားလျော်စွာ ကျေးဇူး ပြုသွားမှာပါ။

တကယ်လို့ ဘဝမှာ အခက်အခဲတစ်စုံတစ်ရာ ကြုံခဲ့ရင်တောင်မှ ကိုယ်ပြုခဲ့တဲ့ မာတာပိတု ဥပဋ္ဌာန မင်္ဂလာကို သစ္စာဆိုပြီး ဖြေရှင်းပစ်လို့ ရပါတယ်။

ကဲ... စာဖတ်သူ ညီငယ် ညီမငယ်တို့ရေ၊ ပညာရှိ အမတ်ကြီး ဦးချိမ့်ရဲ့နည်းကို နည်းနည်း လောက် စမ်းကြည့်လိုက်ပါလား။ အစစ အရာရာ အဆင်ပြေသွားအောင်လေ။

## မင်္ဂလာအတွေးများ

http://www.dhammadownload.com

# မိဘက သားသမီးကိုဆဲတာ ဖရုသဝါစာ ဖြစ်ပါသလား

"မိဘက သားသမီးကိုဆဲတာ ဖရုသဝါစာ ဖြစ်သလား ကိုလေး"

"ဘာဖြစ်လို့မေးတာလဲ ညီမလေးရဲ"

"ဒီလိုလေ ကိုလေးရဲ့၊ ဖရုသဝါစာဆိုတာ ဒုစရိုက် (၁၀)ပါးထဲမှာ တစ်ပါးအပါအဝင် ဖြစ်နေတယ်လေ၊ ဒုစရိုက်(၁၀)ပါးကို ကျူးလွန်တဲ့သူဟာ အပါယ် ကျတယ်မဟုတ်လား၊ မိဘတွေက သားသမီးကို ဆဲတဲ့အခါ ဖရုသဝါစာဖြစ်ရင် မိဘတွေ အကုန်လုံး အပါယ် ကျကုန်တော့မှာပေါ့"

http://www.dhammadownload.com



"ငါ့ညီမကတော့ ကြဲကြဲဖန်ဖန်တွေးပြီး ကြဲကြဲဖန်ဖန် မေးတတ်တယ်၊ အေးပေါ့ ... မေးမယ် ဆိုလည်း မေးစရာပဲ၊ ထားပါတော့လေ၊ ခုနက ညီမလေးမေးတဲ့ ဒုစရိုက်(၁၀)ပါးကို အရင်ရေပြပါဦး"

"ဟာ ... ကိုလေးကလည်း ဒုစရိုက်(၁၀)ပါး သိပြီးသားပါ"

"သိပြီးသားမပြောနဲ့၊ လက်တွေ့ အကောင် အထည် ဖော်ပြပါ"

"ကိုလေးဟာ သက်သက် အထင်သေးတာပဲ၊ ကဲ ရေပြမယ် ...

**ကိုယ်၌အဖြစ်များသော ကာယကံ(၃)ပါး**

၁။ ပါဏာတိပါတ

၂။ အဒိန္နာဒါန

၃။ ကာမေသုမိစ္ဆာစာရ

**နှုတ်၌အဖြစ်များသော ဝစီကံ (၄)ပါး**

၄။ မုသာဝါဒ

၅။ ပိသုဏာဝါစာ

http://www.dhammadownload.com



၆။ ဖရုသဝါစာ

၇။ သမ္ဖပ္ပလာပ

**ကိုယ်နှင့်နှုတ်မပါဘဲ စိတ်၌သာ အဖြစ်များသော မနောကံ (၃)ပါး**

၈။ အဘိဇ္ဈာ

၉။ ဗျာပါဒ

၁၀။ မိစ္ဆာဒိဋ္ဌိ ပေါင်း (၁၀)ပါးပေါ့"

"အေး ... ဟုတ်ပြီ၊ အဲဒီဒုစရိုက် (၁၀)ပါးကို အကုသလကမ္မပထ(၁၀)ပါးလို့ ခေါ်တယ်။ (အကုသလကမ္မ-အကုသိုလ်ကံ၊ ပထ-အပါယ်ရောက်ကြောင်းလမ်း) အပါယ်သို့ရောက်ကြောင်း မကောင်းသောလမ်းဖြစ်သော အကုသိုလ်များလို့ အဓိပ္ပါယ်ရတယ်။

အဲဒီ(၁၀)ပါးထဲက တစ်ပါးပါးကို ကျူးလွန်ရင် အပါယ်ကျ ရောက်ရတယ်၊ ကျူးလွန်လို့ အပါယ်ကျရောက်ရတဲ့ သာဓက ဝတ္ထုတွေလည်း အများကြီးရှိတယ်"

http://www.dhammadownload.com



"ဟုတ်ကဲ့ ကိုလေး"

"ဖရုသဝါစာရဲ့ အနက်က ကြမ်းတမ်းသော စကားပဲ၊ အဋ္ဌကထာမှာ ဖွင့်ထားတာက လွှသွားကို ကိုင်တွယ်တဲ့အခါ ကြမ်းတမ်းသော အတွေ့ကို ထိတွေ့ရသလို ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုလိုက်တဲ့အတွက် ကြားရသူ တစ်ဖက်သားအဖို့ နားမခံသာ နှလုံးမသာ ရှိလှအောင် အခံရခက်တဲ့ စကားမျိုးတဲ့၊ ဖရုသဝါစာ ဖြစ်ဖို့ အင်္ဂါ(၃)ပါး ရှိတယ်၊ ဘာတွေလဲဆိုတော့...

၁။ စိတ်ဆိုးခြင်း

၂။ ဆဲရေးအပ်သူ (အဆဲခံရသူ)

၃။ ဆဲရေးခြင်းတို့ဖြစ်တယ်၊ အဲဒီ အင်္ဂါ(၃)ပါးနဲ့ ညီညွတ်မှ ဖရုသဝါစာလို့ ခေါ်ဆိုနိုင်တယ်၊ ကြမ်းတမ်းသော စကားလို့ဆိုတဲ့နေရာမှာ စေတနာသာ အဓိက လိုရင်းပဲ ညီမလေးရဲ့၊ စေတနာမှာလည်း ဒေါသနဲ့ ယှဉ်တဲ့ စေတနာဖြစ်တဲ့အတွက် ဖရုသဝါစာဟာ ဒေါသကို အခြေခံပြီး ဖြစ်ရတတ်တယ်လို့ ဆိုထားတယ်။ ကြမ်းတမ်းတဲ့ စကားတိုင်းကို ဖရုသဝါစာလို့

http://www.dhammadownload.com



မဆိုနိုင်သလို စကားသံမှာ ကြားရသူ တစ်ဖက်သား အဖို့ နှုးညံ့တယ်လို့ ယူဆရပေမယ့်၊ ဖရုသဝါစာ ဖြစ်နေတတ်တယ်၊ အဲဒီအကြောင်းကို အဋ္ဌသာလိနီ အဋ္ဌကထာနဲ့ သီလက္ခန်အဋ္ဌကထာ ဖရုသဝါစာ အဖွင့်မှာ သာဓကဝတ္ထုတွေနဲ့ ဆုံးဖြတ်ပြထားတာ စိတ်ဝင်စားဖို့ကောင်းတယ်"

"ဆက်ပါဦး ကိုလေးရဲ့"

"ကဲ ဆက်တာပေါ့၊ စကားကြမ်းတမ်းပေမယ့် ဖရုသဝါစာမဖြစ်တဲ့ ဝတ္ထုလေးကို အရင်ပြောပြမယ်"

"ဟုတ်ကဲ့"

"တစ်ခါက သူငယ်လေးတစ်ယောက်ဟာ တောထဲသွားဖို့ ဟန်ပြင်တယ်၊ အဲဒီမှာ မိခင်ဖြစ်သူက မသွားဖို့ အတန်တန် တောင်းပန်တယ်၊ ဒါပေမဲ့ သားဖြစ်သူ သူငယ်က မိခင်ရဲ့စကားကို ဂရုမစိုက်ဘူး၊ တောကို သွားဖို့ပဲ ပြင်ဆင်နေတယ်၊ ဒီအခါမှာ မိခင်က သားကို တောထဲမသွားစေလိုတဲ့အတွက် 'နင့်ကို ကျွဲရိုင်းမကြီး လိုက်ခတ်ပါစေ'လို့ ဆဲရေး ကြိမ်းမောင်း

http://www.dhammadownload.com



လိုက်တယ်၊ မိခင်က ဘယ်လောက်ပဲ ဆဲရေးကြိမ်းမောင်းကြိမ်းမောင်း နားခံမှု မရှိဘူး၊ တောထဲကိုပဲ ထွက်သွားတယ်၊ အံ့ဩစရာပဲ တောထဲရောက်တော့ မျှော်လင့်မထားဘဲ ကျွဲရိုင်းမကြီးက မိခင်ဆဲရေးလိုက်တဲ့အတိုင်း သူငယ်ကို လိုက်ခဝတ်ပါလေရော။ အဲဒီအခါကျတော့မှ သူငယ်က မိခင်ရဲ့စကားကို မနာယူမိတဲ့အတွက် နောင်တရမိတော့တယ်။ ဒီတော့ သားငယ်က ဘာမှစဉ်းစားမနေတော့ဘူး။ သစ္စာဆိုလိုက်တယ်၊ 'မိခင်သည် ငါ့ကို တောသို့မသွားစေလိုသည့်အတွက် စိတ်ဆိုး၍ ပြောမိသောစကားသာ ဖြစ်၏။ ငါ့ကို ကျွဲရိုင်းမသည် ငါ၏နောက်သို့ မလိုက်စေသတည်း' အဲဒီလို သစ္စာဆိုတဲ့စကား ဆုံးတာနဲ့ ကျွဲရိုင်းမဟာ ရောက်တဲ့နေရာမှာပဲ ရပ်ပြီး ရှေ့ဆက်မတိုးတော့ဘူး၊ တိုင်မှာ ချည်ထားတဲ့အတိုင်း ငြိမ်နေတော့တာပဲ၊ ဒီလိုနဲ့ အဲဒီသူငယ် အသက်ချမ်းသာရာ ရသွားတာပေါ့။

အဲဒီဝတ္ထုကိုကြည့် မိခင်ရဲ့စကားက သိပ်ကြမ်းတမ်းနေတယ်၊ ဒါပေမဲ့ သားငယ်အပေါ်မှာ

http://www.dhammadownload.com



ကျွဲရိုင်းမ ခတ်စေလိုတဲ့စေတနာ မပါဘူး၊ သားငယ်တောကို မသွားစေလိုလို့ လတ်တလောပြောလိုက်ရတဲ့စကားဖြစ်တယ်၊ အဋ္ဌကထာမှာ မိခင်ရဲ့အတွင်းစိတ်နူးညံ့နေတဲ့အတွက် ဖရုသဝါစာ မဖြစ်ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဆရာသမားတွေ တပည့်ကိုငေါက်တဲ့ဆဲတဲ့အခါ တော်စေ တတ်စေလိုလို့ ဆဲတာ ငေါက်တာ ဖြစ်တဲ့အတွက် ဖရုသဝါစာ မဖြစ်ဘူး။

အထက်က ပြောခဲ့တာက စကားကြမ်းတမ်းပေမယ့်၊ ဖရုသဝါစာ မဖြစ်ပုံကို ပြောပြတာ၊ နောက်စကား နူးညံ့နေပေမယ့် ဖရုသဝါစာ ဖြစ်ပုံကို ဆက်ပြထားသေးတယ်"

"ဖရုသဝါစာ ဖြစ်ပုံကို ဆက်ပါဦး ကိုလေး"

"လူတစ်ယောက်ဟာ ရာဇဝတ်မှုတစ်ခုကိုကျူးလွန်တယ်၊ အဲဒီတော့ ဘုရင်က ရာဇဝတ်သားကိုသတ်ပစ်ဖို့ အလိုရှိတယ်၊ ဒါပေမဲ့ အမိန့်ချတဲ့ နေရာကျတော့ မျက်နှာပြုံးပြုံးရွှင်ရွှင်နဲ့ 'ဤရာဇဝတ်သားကိုချမ်းသာစွာ သိပ်ထားလိုက်ကြ'လို့ အမိန့်ချလိုက်တယ်၊

http://www.dhammadownload.com



တကယ်တော့ ဒါသေမိန့်ချလိုက်တာပဲ၊ ဒါကိုဘေးက ဝန်ကြီးတွေ၊ အမတ်တွေကလည်း သိတယ်၊ အဲဒါကို ကြည့် ဘုရင်ပြောလိုက်တဲ့စကားက ကြားရသူ တစ်ဖက်သားအဖို့ နားချမ်းသာစရာပဲ၊ အတွင်းစိတ်စေတနာကတော့ အလွန် ကြမ်းကြုတ်နေတဲ့အတွက် ဖရုသဝါစာဖြစ်ကြောင်း ဆုံးဖြတ်ပြထားတယ်"

"ဒါဆို ဖရုသဝါစာမှာ စေတနာက အဓိက လိုရင်းပေါ့နော် ကိုလေး"

"ဟုတ်တယ် စေတနာက အဓိကလိုရင်းပဲ၊ ဖရုသဝါစာ အဆုံးအဖြတ်နဲ့ ပတ်သက်ပြီး ဆက်ပြထားသေးတယ်"

"ဆက်ပါဦး ... ကိုလေး"

"အဆဲခံရတဲ့သူဟာ သီလ သမာဓိ ပညာစတဲ့ ဂုဏ်မရှိရင် သိပ်အပြစ်မကြီးပါဘူးတဲ့၊ သီလ၊ သမာဓိ ပညာစတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ကို ဆဲမိရင်တော့ အပြစ်က သိပ်ကြီးလေးလှပါတယ်တဲ့၊ ဒီတော့ ဖရုသဝါစာ မဖြစ်အောင်နေပေါ့ ညီမလေးရယ်၊ ကဲ

http://www.dhammadownload.com



ဒီနေ့တော့ တော်လောက်ပြီ"

"ဟုတ်ကဲ့ ကိုလေး"

ဘဝတိုင်း ဆုံတွေ့ချင်ပါသလား

နှင့်

ဘာသာရေးလမ်းညွှန်

ဓမ္မစာစုများ

http://www.dhammadownload.com